
စွဲမက်သျှင်
လျှို့ဝှက်နာရီ
2007

# လှိုဂှက်နာရီ
## စွဲမက်သျှင်

အဖွင့်

ထုထည်နက်ရှိုင်းလွန်းလှသည့် အမှောင်ထဲ၌ ကြီးမားထည်ဝါသော ရွှေစံအိမ်က ငြိမ်သက်ဝပ်ဆင်း၍ အိပ်မောကျနေလေသည်။

မီးအလင်းရောင် လုံးဝမရှိသည့် အိမ်ကြီးသည် အမှောင်ထဲ၌ နစ်မြုပ်နေသယောင် ထင်ရလေသည်။

ညဆယ့်နှစ်နာရီတိတိ...

ဒေါင်... ဒင်

ဟူသည့် ကြီးမားကျယ်လောင်သော အသံကြီးသည် အိမ်ကြီး၏ အတွင်းပိုင်းနေရာမှ စတင် မြည်ဟည်းလာပြီး တစ်နေ့လုံး တစ်ညလုံး ငြိမ်သက်တိတ်ဆိတ်နေသည့် အိမ်ကြီးအတွင်း နေရာစုံရှိ ရှေးနာရီအိုကြီးများက ရုတ်တရက် အသံမျိုးစုံဖြင့် မြည်ဟည်းလာကြလေတော့သည်။

တိတ်ဆိတ်သော ညယံ၌ နာရီအိုကြီးများ၏ အက်ကွဲကျယ်လောင်သော အသံက ချောက်ချား တုန်လှုပ်ဖွယ်ရာအတိ။

မကောင်းဆိုးဝါးကြီးများ တစ်ကောင်နှင့်တစ်ကောင် အော်ဟစ် ရန်မူနေကြတာများလား ဟု ထင်မှတ်ရလောက်အောင်ပင် ကျယ်လောင်ဆူညံ၍ မင်္ဂလာမရှိသော အသံကြီးများသည် တစ်အိမ်လုံး၏ နေရာအနှံ့အပြားမှ ပျံ့လွင့် ထွက်နေတော့သည်။

များပြားလှသော နာရီအိုကြီးများမှ ထွက်ပေါ်လာသည့် အသံများသည် တစ်ခုနှင့်တစ်ခု လုံး၀ မတူညီဘဲ အဆက်မပြတ် ဖြစ်ပေါ်နေတော့၏။

မူလအသံ နောက် ပဲ့တင်သံ။

ထို့ကြောင့် အသံများက မရပ်မနား ဆူညံနေလေတော့သည်။

ထူးဆန်းတာကတော့ နာရီအိုကြီးပေါင်း များစွာမှ ထွက်ပေါ်လာသော်လည်း ထိုအသံကို နားထောင်လိုက်ရသူကတော့ ငါးကြိမ်ထက် ပိုမို နားမထောင်နိုင်ဘဲ သွက်သွက်ခါအောင် ရူးသွပ် သွားရခြင်းပင် ဖြစ်လေသည်။

သို့သော် ထိုသို့ တိတ်လန့်စရာ ကောင်းသည့် နာရီသံများကို နားထောင်ကြည့်ရန် လူပေါင်းများစွာ ကတော့ဖြင့် အပြင်းအထန် စိတ်ဝင်စားလျက် ရှိကြလေသည်။

ဘာကြောင့်လဲ ဆိုတော့ ထိုနာရီသံများကို ခုနစ်ညခုနစ်ကြိမ်တိတိ တစ်ဦးတည်း နားထောင်နိုင်သူသည် သိန်းပေါင်းများစွာသော အမွေများကို ရရှိမှာ ဖြစ်သောကြောင့်ပင် ဖြစ်လေသည်။

***

## အပိုင်း (၁)

*

## အခန်း (၁)

တကယ်တမ်း ပြောရမည်ဆိုလျှင် နွေဦးခင်သည် ကိုယ့်လုပ်အား စိုက်ထုတ်မှုမရှိဘဲ ရရှိမည့် ငွေကြေးများကို လိုချင်မက်မောမှု ရှိသူတစ်ယောက် မဟုတ်ခဲ့ပါ။

မေမေ့ ဆန္ဒအရသာ အမွေကိစ္စအတွက် သူမက ရှေ့နေကြီး ဦးဘုန်းကြွယ်နှင့် လာတွေ့ရတာ ဖြစ်သည်။

လာတွေ့ရတော့လည်း ရှေ့နေကြီး၏ ရုံးခန်းတွင် မဟုတ် ရုံးခန်းမှာထက် ပိုမိုလုံခြုံသည့် အိမ်ရှိ အလုပ်အခန်းတွင် ဖြစ်လေသည်။

ရုံးခန်းမှာ စာရေးမတွေရှိသည်။ အလုပ်သင်ရှေ့နေတွေ ရှိသည်။ အမှုသည်တွေလည်း ဝင်ထွက်သွားလာ နေကြသည်မို့ အေးဆေးစွာ ပြောဆိုဆွေးနွေးဖို့ မဖြစ်နိုင်။

ရှေ့နေကြီး ဦးဘုန်းကြွယ် အနေဖြင့်လည်း သူမ တစ်ယောက်တည်းကို အချိန်အများကြီး ပေးနိုင်မည် မဟုတ်။

ထို့ကြောင့် ရှေ့နေကြီး၏ အိမ်တွင် လာတွေ့ရတာ ဖြစ်သည်။ ဦးဘုန်းကြွယ်ကို အမည်သာ ကြားဖူးထားပြီး နွေဦးခင်က တစ်ကြိမ်တစ်ခါမျှ လူချင်း တွေ့ဆုံခြင်းမရှိ။

ပြီးတော့ လာတွေ့ရသည့် ကိစ္စကလည်း အမွေကိစ္စ ဖြစ်နေတာမို့ နည်း

နည်းတော့ ရှုံ့တွန့်တွန့် ဖြစ်မိတာ အမှန်ပင်။

သို့သော် သူမကိုတွေ့တာနှင့် ရှေ့နေကြီး ဦးဘုန်းကြွယ်က နွေးထွေးရင်းနှီးစွာ ကြိုဆို နှုတ်ဆက်သောကြောင့် နွေဦးခင် နေသာထိုင်သာ ဖြစ်သွားရလေ၏။

"လာ... လာ... သမီး လာထိုင်ကွဲ့"

"ဟုတ်ကဲ့"

ရှေ့နေကြီး ဦးဘုန်းကြွယ်သည် အသက်ခြောက်ဆယ်ကျော် ခန့်ညားကြည်လင်သည့် ဥပမိရုပ်ပိုင်ရှင် တစ်ယောက်ဖြစ်သည်။

မျက်နှာသွင်ပြင်ကို ကြည့်ရုံဖြင့် ရိုးဖြောင့်မှန်ကန်ပြီး မဟုတ်တာ မလုပ်သည့် ဟန်ပန်များ ထင်ရှား ပေါ်လွင်နေတာကို တွေ့ရလေသည်။

"ဘဘ သမီးကို ခေါ်တွေ့ရတဲ့ ကိစ္စရဲ့ အကြမ်းဖျင်းကိုတော့ သမီး သိထားမှာပါ"

"ဟုတ်ကဲ့ သိပါတယ်ရှင်"

ဦးဘုန်းကြွယ်က ခေါင်းတဆတ်ဆတ် ညိတ်နေပြီး ဘာမှ ဆက်မပြောဘဲ ခဏ တိတ်ဆိတ်နေပြန်သည်။

အတော်ကြာမှ စကားပြန်စသည်။

"သမီးတို့ရဲ့ ဘကြီးတော်သူ ဦးထက်ခိုင်ဟာ သူ မသေဆုံးခင်မှာ ဘဘကို အမွေထိန်း အဖြစ်ရော ရှေ့နေအဖြစ်ပါ ထားခဲ့ပြီး သေတမ်းစာ ရေးထားခဲ့ချင်တာကြောင့် မသေခင်မှာ ခရစ်ယာန်ဘာသာကို ကူးပြောင်းခဲ့တယ်ကွဲ့၊ ဘဘအနေနဲ့ ဒီအကြောင်းကို ဘာကြောင့် ထည့်ပြောရတာလဲ ဆိုတော့ ဦးထက်ခိုင်ဟာ သေတမ်းစာ ရေးခဲ့ချင်တဲ့အာသီသ ဘယ်လောက် ပြင်းထန်တယ် ဆိုတာကို သိစေချင်လို့ပါပဲ"

"ဟုတ်ကဲ့၊ ကျွန်မ နားလည်ပါတယ် ဘဘ၊ ဗုဒ္ဓဘာသာဝင် တစ်ယောက်မှာ သေတမ်းစာ ရေးသားခဲ့ရင်လဲ အဲဒီသေတမ်းစာဟာ တရားမဝင်ဘူး၊ ခရစ်ယာန် ဘာသာဝင်မှပဲ တရားဝင် သေတမ်းစာကို ထားခဲ့လို့ ရတယ်လေ"

"ဟုတ်ကဲ့ ပြောပါရှင်"

"သမီးတို့ဘကြီးက အင်မတန်တော်ပြီး စိတ်နေစိတ်ထားဟာလဲ အင်မတန် ထူးခြား ဆန်းကြယ်ပါတယ်"

"ဟုတ်ကဲ့ အဲဒီ သေတမ်းစာကို ကျွန်မ ဖတ်ကြည့်ခွင့်ရမှာရှင်"

ရှေ့နေကြီးက ဦးခေါင်းကို ဖြည်းလေးစွာ ခါရမ်းပြလေသည်။

"သမီးအနေနဲ့ သေတမ်းစာကို ဖွင့်ဖတ်ကြည့်ခွင့် မရှိဘူးကွယ်၊ သေတမ်းစာထဲမှာပါတဲ့ အကြောင်းအရာတွေကို ဘဘ ပြောပြပါ့မယ်၊ ဒီလို လူပျိုကြီးဖြစ်တဲ့ ဦးထက်ခိုင်ဟာ သူ သေဆုံးပြီးတဲ့ နောက်မှာ သူ့ညီမ သုံးယောက်ကို အမွေမပေးဘဲ အဲဒီညီမ သုံးယောက်က မွေးထားတဲ့တူ တူမတွေကိုပဲ အမွေပေးဖို့ ဆုံးဖြတ်ခဲ့တယ်၊ သူ ပင်ပင်ပန်းပန်း ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေကို အလွယ်တကူ ရော့ အင့် ဆိုပြီးတော့လည်း မပေးခဲ့ချင်ပြန်ဘူး၊ အဲဒါကြောင့် ခပ်ဆန်းဆန်း သေတမ်းစာ တစ်စောင်ကို ရေးထားခဲ့တာပဲ၊ သေတမ်းစာအရ သူ့ညီမတွေရဲ့ သားသမီးတွေထဲက အကြီးဆုံး သုံးယောက်ဟာ သူ မသေခင်က နေထိုင်သွားခဲ့တဲ့ ရွှေစံအိမ်ကြီးထဲမှာ တစ်ယောက်တည်း ခုနစ်ရက်တိတိ နေထိုင်နိုင်ရမယ်၊ ခုနစ်ရက်နေပြီး စိတ်ရောကိုယ်ပါ ကျန်းကျန်းမာမာနဲ့ ပြန်ထွက်လာနိုင်တဲ့သူမှ အမွေတွေကို ခံစားခွင့်ရလိမ့်မယ်၊ ပြီးတော့ အခွင့်အရေးကိုလဲ ညီမသုံးယောက်စလုံးရဲ့ သားသမီးတွေအတွက် အညီအမျှ ပေးထားတယ်ကွဲ့၊ ဒီလို ပထမဦးဆုံး ညီမ အကြီးဆုံး ဒေါ်သန္တာ မွေးထားတဲ့ သားသမီးတွေထဲက အကြီးဆုံး တစ်

ယောက်က ရွှေစံအိမ်ထဲမှာ ခုနစ်ရက် ဝင်နေရမယ်၊ ပြီးရင် ဒုတိယညီမ ဒေါ်မာလာရဲ့ သားသမီးအကြီးဆုံးက ဝင်နေရမယ်၊ နောက်ဆုံးမှာ ညီမအငယ်ဆုံး ဒေါ်မူယာရဲ့ သားသမီး အကြီးဆုံးက ဝင်နေရမယ်၊ အဲ ... သုံးယောက် ရွှေစံအိမ်မှာ ခုနစ်ရက်လုံး အကောင်းဆုံး နေနိုင်ခဲ့ရင် အမွေတွေကို သုံးယောက် ခွဲယူရမယ်၊ သုံးယောက်ထဲက တစ်ယောက်ပဲနေနိုင်ရင် အဲဒီတစ်ယောက်ကပဲ အမွေအားလုံးကို ရလိမ့်မယ်၊ နှစ်ယောက်က နေနိုင်ခဲ့ရင် တစ်ဝက်စီ ခွဲဝေယူရမယ်၊ တကယ်လို့ သုံးယောက်စလုံး ခုနစ်ရက်ပြည့်အောင် မနေနိုင်ဘူး ဆိုရင်တော့ ဘယ်သူမှ အမွေတွေကို မရနိုင်ဘူး"

"ဒါ တော်တော်ကြောင်တဲ့ အလုပ်ပဲ"

ဟု နွေဦးခင်က စိတ်ထဲကနေ၍ မှတ်ချက် ချလိုက်မိသည်။

သူမ ပြောလိုက်သည့် စိတ်ထဲက စကားသံကို ကြားရသည့်အလား ရှေ့နေကြီးက ပြန်ပြော၏။

"ဒါကိုလဲ ဦးထက်ခိုင်က အတင်းအကျပ် လုပ်ခိုင်းတာ မဟုတ်ပါဘူး၊ သူခိုင်းတဲ့အတိုင်း လုပ်ရတာ အဓိပ္ပာယ်မရှိဘူးလို့ ထင်ရင်၊ ဒါမှမဟုတ် သူချန်ထားခဲ့တဲ့ အမွေတွေကို လုံးဝ မလိုချင်ဘူး၊ စိတ်မဝင်စားဘူး ဆိုရင် ဝင်မလုပ်ဘဲ နေလို့ရပါတယ်"

နွေဦးခင်က တွန့်သွားပြီး ရှေ့နေကြီးကို ပြုံးပြလိုက်မိသည်။

သူမ ပြုံးသည့် အပြုံးက မလုံမလဲ အပြုံးဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူမအနေဖြင့် သေတမ်းစာအတိုင်း လုပ်ရပါလိမ့်မည်။

ထိုကိစ္စကို ကြောက်လွန်းသည့် အဓိပ္ပာယ် မဲ့လွန်းသည် ဆိုပြီး နောက်ဆုတ်လို့ မရနိုင်ပါ။

သူမဆန္ဒ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ မေမေက အတင်းအကျပ်

တိုက်တွန်းတာကြောင့် အမွေရဖို့ သူမ ကြိုးပမ်းရပါတော့မည်။

နွေဦးခင်၏ အမေသည် ဦးထက်ခိုင်၏ ညီမသုံးယောက်ထဲတွင် အငယ်ဆုံးဖြစ်သည်။ ထို့ကြောင့် ဦးထက်ခိုင်၏ ရွှေစံအိမ်ကြီးထဲတွင် သူမထက်အလျင် ဝမ်းကွဲ မောင်နှမတော်စပ်သည့် အစ်ကို တစ်ယောက်နှင့် မောင်တစ်ယောက် ခုနစ်ရက်စီ နေခဲ့ကြပြီး ဖြစ်လေသည်။

သူတို့နှစ်ယောက် ဘာတွေဖြစ်ကုန်သည် ဆိုတာကိုတော့ သူမ မသိရသေးပါဘူး။ အခု ရွှေစံအိမ်ကြီးတွင် ခုနစ်ရက်နေထိုင်ဖို့ အလှည့်ကျသူမှာ သူမ ဖြစ်နေတာမို့ ရှေ့နေကြီးက ခေါ်ယူတွေ့ဆုံခြင်းပဲ ဖြစ်လေသည်။

"ဟို... ကျွန်မရှေ့က ဒေါ်ကြီးနဲ့ဒေါ်လတ်ရဲ့ သားနှစ်ယောက် ရွှေစံအိမ်ထဲမှာ ခုနစ်ရက် နေခဲ့ကြတဲ့ အခြေအနေကို ပြောပြနိုင်မလား ဘဘ"

"အင်း... သူတို့နှစ်ယောက်စလုံး ခုနစ်ရက်ပြည့်အောင် မနေနိုင်ကြပါဘူး၊ နှစ်ယောက်မှာ တစ်ယောက်က လေးရက်နဲ့ ပြန်ထွက်လာပြီး တစ်ယောက်ကတော့ ငါးရက်နဲ့ ပြန်ထွက်လာခဲ့ပါတယ်၊ နှစ်ယောက်စလုံးဟာ သေတမ်းစာအရ စမ်းသပ်မှု မအောင်မြင်ပါဘူး"

ထိုစကားကြောင့် နွေဦးခင်က အံ့အားသင့်သွားရသလို တိတ်လန့်ပြီး ကြက်သီးမွေးညင်းပါ ထသွားရလေသည်။

ယောကျ်ားသားတွေတောင် ခုနစ်ရက်ပြည့်အောင် မနေနိုင်တဲ့ ရွှေစံအိမ်ထဲမှာ ခုနစ်ရက်ပြည့်အောင် မနေနိုင်ခဲ့ရတာလဲ၊ အထဲမှာ ဘာတွေ ဖြစ်နေလို့လဲ၊ ဘာတွေ ရှိနေလို့လဲ၊ တော်ရုံတန်ရုံနဲ့တော့ ဘယ်သူမှ အရှုံးပေးမည်မဟုတ်။ ရမည့်အမွေတွေက များပြားလွန်းတာမို့ ခုနစ်ရက်ပြည့်အောင် တွယ်ကပ်နေကြမှာပဲဟု နွေဦးခင်က တွေးမိသည်။

အခု ခုနစ်ရက်ပြည့်အောင် မနေနိုင်ဘဲ အရှုံးပေးကြသည်ကို ဆိုတော့

အတော်ဆိုးရွားသည့် အဖြစ်အပျက်တစ်ခုခု ရွှေစံအိမ်ကြီးထဲမှာ ရှိနေလို့ပဲ ဖြစ်မည်ဟု သူမ တွေးနေဆဲ ရှေ့နေကြီးက စကားဆက်ပြောသည်။

"ရှေ့ကနှစ်ယောက် မအောင်မြင်တဲ့အတွက် အကယ်၍ သမီးကသာ ရွှေစံအိမ်ထဲမှာ ခုနစ်ရက်ပြည့်အောင် နေနိုင်မယ်ဆိုရင် သမီးဘကြီး ဦးထက်ခိုင် ထားရစ်ခဲ့တဲ့ အမွေတွေ အားလုံးကို သမီးတစ်ယောက်တည်း ရလိမ့်မယ်ကွဲ့"

ထိုစကားကိုသာ မေမေကြားလျှင် လောဘတွေတက်ပြီး သူမကို ရွှေစံအိမ်ကြီးဆီသို့ အမြန်ဆုံး တွန်းလွှတ်တော့မှာ သေချာလေသည်။

အမှန်အတိုင်း ပြောရလျှင် မေမေသည် လောဘကြီးလွန်းသူ အလွန်အမင်း ချမ်းသာချင်သူ တစ်ယောက်ပင် ဖြစ်၏။

ချမ်းချမ်းသာသာ နေခဲ့ရပြီးမှ ဆင်းရဲသွားသည့် အတွက် ချမ်းသာပြည့်စုံခြင်း အရသာကို ပြင်းပြစွာ ပြန်လိုချင်နေသူလည်း ဖြစ်လေသည်။

ဒီတော့ ... ဘကြီးဦးထက်ခိုင်၏ အမွေများသည် မေမေ့အတွက် စိတ်ကူးယဉ်ချင်စရာ အကောင်းဆုံး ဖြစ်နေတော့သည်။

ထို့ကြောင့် မေမေသည် သူမကို အတင်းအကျပ် ဖိအားပေးတော့၏။

"အမယ်လေး ရွှေစံအိမ်ဆိုတာ အင်မတန်မှ ခမ်းနားကြီးကျယ်တဲ့ အိမ်ကြီးပါ နွေဦးခင်ရဲ့ အဲဒီလို အိမ်ကြီးထဲမှာ ခုနစ်ရက် နေရတာများ ဘာခက်တာလိုက်လို့ နေပြစမ်းချင်ပါရဲ့အေ"

ဟု မေမေက ပြောခဲ့သည်။

နွေဦးခင်ကတော့ မေမေ ပြောသလောက် လွယ်လိမ့်မည်ဟု အစကတည်းက မထင်ခဲ့ပါ။

အဲဒီလိုသာ လွယ်ကူမည်ဆိုလျှင် သေတမ်းစာထဲ ထည့်ရေးထားစရာပင် မ

လိုကြောင်း တစ်ခုခုရှိလို့သာ ရွှေစံအိမ်ကြီးထဲ၌ ခုနစ်ရက်နေရဖို့ သေတမ်းစာ ရေးထားတာပဲဟု တွေးမိသည်။

အခု သူမတွေးတာ မှန်နေလေပြီ။ သူမရှေ့မှ နှစ်ယောက်သည် ခုနစ်ရက် ပြည့်အောင်တောင် မနေနိုင်ဘဲ စံအိမ်ကြီးထဲမှ ပြန်ထွက်လာသည် ဆိုခြင်းသည် သူမ အတွေး မှန်ကန်ကြောင်း သက်သေ အထောက်အထားပင် ဖြစ်လေသည်။

"အကယ်၍ ကျွန်မကလဲ ရွှေစံအိမ်ကြီးထဲမှာ တစ်ယောက်တည်း ခုနစ်ရက်ကြာအောင် မနေနိုင်ဘဲ ပြန်ထွက်လာမယ် ဆိုရင် အမွေကိစ္စက ဘယ်လိုဖြစ်သွားမလဲ ဘဘ"

"အင်း... ဒါ မေးသင့်တဲ့ မေးခွန်းပဲ တကယ်လို့ အကြီးဆုံး ကလေးသုံးယောက်စလုံး စမ်းသပ်မှု မအောင်မြင်ရင် ဒုတိယကလေးတွေရဲ့ အလှည့်ပေါ့ကွယ်"

ထိုစကားသံကြောင့် နှင်းဦးခင်က ထိတ်ခနဲ ခံစားလိုက်ရပြီး ခပ်လောလော ပြန်ပြောလိုက်မိသည်။

"ကျွန်မက တစ်ဦးတည်းသော သမီးပါ၊ ကျွန်မ မေမေဆီမှာ ဒုတိယကလေး မရှိတော့ပါဘူး"

"ဒါဆို ရှင်းနေတာပဲ၊ ဒီအခွင့်အရေးကို သမီးရအောင် ယူလိုက်ပေါ့၊ သမီးသာ ရွှေစံအိမ်ကြီး ထဲမှာ ခုနစ်ရက်နေနိုင်ရင် အမွေသိန်းပေါင်းများစွာကို တစ်ယောက်တည်း ရမှာ အမှန်ပဲလေ"

တကယ်လို့ ထိုစကားသည် စိတ်တက်ကြွဖွယ် စကားဖြစ်သော်လည်း နှင်းဦးခင်ကတော့ မတက်ကြွနိုင်ခဲ့ပါ။

ဘာဖြစ်လို့လဲဆိုတော့ သူမ ရှေ့မှနှစ်ယောက် ဘာတွေ ဖြစ်လာခဲ့သည်။

ယခု ဘာတွေဖြစ်နေသည်ဆိုတာကို မသိရသေးလို့ပဲ ဖြစ်သည်။

နောက်ဆုံးတော့ သူမက အဖြေရချင်ရ မရချင်လည်းနေဆိုပြီး မေးခွန်းတစ်ခုကို အရဲစွန့်ပြီး မေးလိုက်လေတော့သည်။

"ကျွန်မ ကျွန်မရှေ့က နှစ်ယောက် အခု ဘာဖြစ်နေသလဲ ဘဘ"

အဖြေရချင်မှ ရလိမ့်မည်ဟု ထင်ထားသော်လည်း ရှေ့နေကြီးက သူမကို အလွယ်တကူပဲ အဖြေပြန်ပေးသည်။

"သူတို့နှစ်ယောက်စလုံး ခပ်ကြောင်ကြောင် ဖြစ်နေကြတယ်"

"ရှင်"

"ကဲ... ဒီနေ့ သောကြာနေ့နော်၊ ဒီတော့ သေတမ်းစာထဲမှာ ခိုင်းထားတဲ့အတိုင်း လုပ်မလုပ် သမီးဘက်က အသေအချာ စဉ်းစားပါ၊ ဆုံးဖြတ်ပါ၊ အခွင့်အရေးက ကြီးမားသလို အရင်းအနှီးကလဲ ကြီးမားတယ်ဆိုတာ မမေ့ပါနဲ့၊ တနင်္လာနေ့မှာ ဘဘဆီ အကြောင်းပြန်ပါ၊ ကဲ... သမီး ပြန်လို့ရပြီ"

နောက်ထပ် မေးချင်သည့် မေးခွန်းတွေကို ရှိသော်လည်း မမေးဖြစ်တော့ဘဲ နွေဦးခင်က ပြန်လာခဲ့ရလေသည်။

သေချာတာကတော့ သူမသည် အမွေဆိုတာထက် ရွှေစံအိမ်ရယ်၊ ထိုစံအိမ်၏ အရှင်သခင် ဦးထက်ခိုင်ရယ်၊ ထူးဆန်းသည့် သေတမ်းစာရယ်ကိုသာ စိတ်ဝင်စားနေမိခြင်းပဲ ဖြစ်လေသည်။

***

## အခန်း (၂)

"အို… ဒီအခွင့်အရေးကို လုံးဝ လက်လွှတ်ခံလို့ မဖြစ်ဘူး၊ သမီး မေမေတို့ ဘယ်လောက် ဆင်းရဲနေတယ် ဆိုတာ သမီးအသိပဲ မဟုတ်လား"

မေမေက နွေဦးခင် မျက်နှာကို တည့်တည့်ကြည့်ပြီး စိတ်အားထက်သန်စွာ ပြောနေခြင်း ဖြစ်သည်။

"ဒေါ်ကြီးနဲ့ဒေါ်လတ်ရဲ့ သားနှစ်ယောက်တောင် အဲဒီ ရွှေစံအိမ်ကြီးထဲမှာ ခုနစ်ရက် ပြည့်အောင်တောင် မနေနိုင်ခဲ့ဘူး၊ မေမေ လေးငါးရက်ပဲ နေနိုင်ခဲ့ကြတယ်တဲ့၊ စံအိမ်ကြီးထဲက ထွက်လာပြီး အခုထိ ကြောင်တောင်တောင် ဖြစ်နေတုန်းပဲတဲ့၊ သမီးကတော့ လန့်တယ် မေမေ"

"ဘာလန့်စရာရှိလဲ သမီးရယ်၊ သမီးက ငယ်ငယ်လေးကတည်းက တစ်ယောက်တည်း အိပ်နေကျပဲ၊ ရွှေစံအိမ်ထဲမှာ ခုနစ်ညအိပ်ရမှာ ဘာများဆန်းလို့"

မေမေ့ကို ကြည့်ရတာ သူမ ဘာပဲပြောပြော လက်ခံမည့်ပုံ မပေါ်ဘဲ အတင်းအကျပ် ဖိအား ပေးတော့မည့်ဟန်များ အထင်းသား ပေါ်လွင်နေလေသည်။

"သမီးကတော့ လွယ်လိမ့်မယ် မထင်ဘူး မေမေ"

"အတွေး မခေါင်စမ်းပါနဲ့အေ၊ မေမေတို့ သားအမိ ချမ်းသာဖို့အတွက် ဒီအခွင့်အရေးကို ယူမှဖြစ်မှာ၊ နွေဦးခင် ဒီအတိုင်းနေလို့ကတော့ ဘယ်တော့မှ ချမ်းသာနိုင်မှာ မဟုတ်ဘူး၊ အခု နှစ်ယောက်ကလဲ အမွေရဖို့ စာရင်းထဲ

မှာ မပါတော့ အားလုံးဟာ သမီးတစ်ယောက် အတွက်ပဲ ဖြစ်သွားပြီ၊ ဘယ်လောက်များ ကံကောင်းထားသလဲ ကဲ"

နွေဦးခင်က မေမေ့ကိုကြည့်ပြီး စိတ်ပျက်နေပြီ။

"အမွေဆိုတာ ထိုက်သင့်မှ စားရတာပါ မေမေရယ်၊ သမီးကတော့ အချောင်ရမှာဆို ဘာကိုမှ မလိုချင်ဘူး"

"ပြီးတော့ သေတမ်းစာရေးပြီး အမွေကိစ္စကို စီမံခဲ့တဲ့ ဦးထက်ခိုင် ဆိုတာ မေမေတို့ရဲ့ အစ်ကိုကြီး ဆိုတာရော ဟုတ်ရဲ့လား"

သူမ မေးလိုက်သည့် မေးခွန်းကြောင့် မေမေက မျက်နှာ ပျက်သွားလေသည်။

ပြီးတော့ သူမကို မေးခွန်း ပြန်ထုတ်သည်။

"ညည်းက ဘာကြောင့် ဒီမေးခွန်းကို မေးရတာလဲ နွေဦးခင်၊ ဟိုရှေ့နေဆိုတဲ့ လူကြီးက ညည်းကို ဘာတွေ ပြောလိုက်လို့လဲ"

"ဟင့်အင်း... ဘာမှမပြောပါဘူး မေမေ၊ သမီးက မေးတာက သမီးတို့ဆီမှာ ဘကြီး တစ်ယောက် ရှိတယ်လို့ တစ်ခါမှ မကြားဖူးခဲ့ဘဲ၊ အခုမှ ဘကြီးဆိုတာရယ် အမွေဆိုတာရယ် ပေါ်လာတာကို အံ့ဩလို့ပါ"

နွေဦးခင်က မေမေ့ကို အကဲခတ်လိုက်သည်။

မေမေ့ မျက်နှာပေါ်တွင် တစ်စုံတစ်ရာ ရှိနေသည်။

အဲဒါ ဘာလဲ နွေဦးခင် မခန့်မှန်းတတ်။

သူမ ငယ်ငယ်ကတည်းက မေမေ့ဆီမှာ အစ်မနှစ်ယောက် ရှိတယ် ဆိုတာပဲ သိထားသည်။

အစ်ကိုရှိသည်ဟု လုံးဝမသိခဲ့။

ပြီးတော့ မေမေတို့ ညီအစ်မ သုံးယောက်ကလည်း အနေမနီးစပ်ခဲ့ကြပါ။

တစ်ယောက် တစ်မြို့စီ ဖြစ်နေတာကြောင့်လည်း ပါမည်ထင်သည်။

လေးငါးခြောက်နှစ်နေလို့ပင် တစ်ကြိမ် မတွေ့ခဲ့ရတာ အမှန်ပင်ဖြစ်သည်။

ဒေါ်ကြီးနှင့် ဒေါ်လတ်ကို နွေဦးခင် သုံးလေးကြိမ်ပဲ မြင်ဖူးသည်။ ဒေါ်ကြီးတွင် သားနှစ်ယောက် သမီးတစ်ယောက် ရှိသည်ဟုပဲ သိသည်။ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ပါ။

ဒေါ်လတ်မှာတော့ သားနှစ်ယောက် ရှိသည်ဟုပဲ သိထားသည်။ ဝမ်းကွဲမောင်နှမများနှင့် ရင်းနှီးဖို့ နေနေသာသာ ဆုံတွေ့ဖူးခြင်းပင် မရှိ။ နာမည်တွေကိုလည်း မသိ။

တစ်ခါတစ်ရံတော့ မေမေတို့ ညီအစ်မတွေ စိမ်းကြတာတော့ အံ့သြမိသည်။

"မေမေတို့ ညီအစ်မတွေက ဘာကြောင့် စိမ်းနေကြတာလဲ ဟင်၊ တစ်ယောက်နဲ့ တစ်ယောက် မတွေ့ဘဲ အကြာကြီး နေနိုင်ကြတယ်၊ တွေ့ပြန်တော့လဲ ဖက်လဲတကင်း မရှိကြပြန်ဘူး၊ တစ်မျိုးကြီးပဲ"

ဟု သူမ ပြောတိုင်း မေမေက ထင်လို့ပါကွယ် ဆိုသည့် စကားနှင့်လည်းကောင်း။

"မိဘတွေကလဲ မရှိတော့ဘူး၊ အသက်တွေလဲ ရလာပြီ၊ နောက်ပြီးတော့ ကိုယ်ဘဝနဲ့ကိုယ် သတ်သတ်စီ ဖြစ်နေကြပြီဆိုတော့ ဘယ်ရင်းရင်းနှီးနှီး နေနိုင်ကြတော့မှာလဲ သမီးရယ်၊ မိဘတွေ လက်ထဲမှာ နေခဲ့တုန်းကတော့ ချစ်ချစ်ခင်ခင် နေခဲ့ကြတာပဲပေါ့"

ဆိုသည့် စကားနှင့်လည်းကောင်း သူမကို ဖြေရှင်းချက် ပေးတတ်သည်။ ထို့ထက် ပိုပြီးတော့လည်း မပြောတတ်ပါ။

အခုလည်း မေမေသည် တစ်ခုခုကို စိုးရိမ်သွားသည့် မျက်လုံးများနှင့် သူမ

ကို ကြည့်နေလေ၏။ သူမပြောသည့် စကားကို အကြောင်းပြချက် ပေးဖို့ ကြံစည်နေတာလည်း ဖြစ်နိုင်သည်။

"ဒါကတော့ ကိုထက်ခိုင်နဲ့ မေမေတို့ ညီအစ်မတွေက အချိန်အကြာကြီး အဆက်အသွယ် ဖြတ်တောက် နေခဲ့တာကိုးကွဲ့"

မေမေ့ ဆင်ခြေက ခိုင်မာမှုမရှိ။ ထို့ကြောင့် နွေဦးခင်က စောဒက တက်မိပြန်သည်။

"မောင်နှမတွေဖြစ်ပြီး ဘာကြောင့် အဆက်အသွယ် ပြတ်ရတာလဲ မေမေ"

"မေမေတို့ ညီအစ်မသုံးယောက်စလုံးက အမွေဖြတ် ခံထားရတာကိုး သမီးရဲ့"

"သုံးယောက်စလုံး ဟုတ်လား၊ ဘာကြောင့်လဲ မေမေ"

"မိဘ သဘောတူတဲ့လူကို လက်မထပ်ဘဲ သဘောမတူနိုင်တဲ့ သူတွေနဲ့ လက်ထပ်ခဲ့လို့ပေါ့ အေ"

မေမေက သိပ်ပြောပြချင်ဟန် မတူတော့သဖြင့် စိတ်မရှည်ခြင်း၏ အငွေ့အသက်တွေ ပါဝင်နေလေ၏။

နွေဦးခင်ကလည်း အလျှော့မပေးချင်၊ အခွင့်အရေးရတုန်း သိချင်တာကို ရအောင်မေးချင်သည်။

မေမေတို့ မောင်နှမတွေ ကိစ္စဆိုတာကို သူမ စိတ်ဝင်စားမိနေလို့ပဲ ဖြစ်သည်။

"ဟင် ... သုံးယောက်စလုံး မိဘစကား နားမထောင်ခဲ့ကြဘူးပေါ့၊ ဒါဆို မေမေက မိဘ သဘောမတူတဲ့ ကြားထဲက ဖေဖေနဲ့ လက်ထပ်ခဲ့တာပေါ့ နော်"

"အေးပေါ့၊ ငယ်တုန်းက မိုက်မဲခဲ့တာပေါ့၊ မိဘပေးစားမယ့်လူကို မလိုချင်

တာနဲ့ပဲ ညည်း အဖေနောက်ကို လိုက်ပြေးခဲ့တာလေ၊ ဒါကြောင့်ပဲ ဆင်းရဲတွင်း နက်ခဲ့ရတာပေါ့အေ၊ မိုက်မဲခဲ့တဲ့ ဒဏ်တွေပေါ့"

"မေမေရယ် သေသွားပြီးတဲ့လူကို အပြစ်တင်မနေပါနဲ့ မေမေကလည်း မေမေနဲ့သမီးကို လုပ်ကိုင်ရှာဖွေ ကျွေးမွေးခဲ့တာပဲ မဟုတ်လား၊ မချမ်းသာတာကတော့ ကံပဲပေါ့"

သူမ စကားကြောင့် မေမေ မျက်နှာက ရှုံ့မဲ့သွားသည်။

"ကဲ... နွေဦးခင် အဲဒါတွေ ပြောမနေနဲ့၊ ညည်းအဖေဘက်ကနေ နာမနေနဲ့တော့ ဟုတ်လား၊ လောလောဆယ် အရေးကြီးတာက အမွေရဖို့ကိစ္စပဲ၊ မေမေ့စကားကို နားထောင်စမ်းပါအေ၊ ညည်းအဖေ သေတုန်းက ညည်း ခြောက်တန်းပဲ ရှိသေးတာလေ၊ အဲဒီကနေ ဘွဲ့ရတဲ့အထိ ကျောင်းထားနိုင်အောင် မေမေ ဘယ်လောက် ရုန်းကန်ခဲ့ရတယ် မှတ်လဲ၊ မေမေ ဘယ်လောက် ပင်ပန်းခဲ့ရသလဲ၊ ဒါကြောင့် မေမေ ချမ်းချမ်းသာသာနဲ့ အနားယူချင်ပြီအေ၊ မေမေ့ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ အမွေတွေရဖို့ ကြိုးစားလိုက်စမ်းပါ သမီးရယ်၊ အဲဒီ အမွေတွေကို သမီးရအောင် ယူနိုင်မယ်ဆိုတာ မေမေ ယုံတယ်"

"ရှေ့နေကြီးက ပြောလိုက်တယ် မေမေ၊ အခွင့်အရေးက ကြီးမားသလို အရင်းအနှီးကလဲ ကြီးမားတယ်တဲ့"

နွေဦးခင် ပြောတာကို မေမေက နားမဝင်ပါ။

"အလကားပါအေ အဲဒါ ခြောက်လုံးလှန့်လုံးပဲ ဖြစ်မှာပါ၊ သူက အမွေထိန်းမဟုတ်လား၊ ဒီတော့ ဘယ်သူ့ကိုမှ အမွေမပေးချင်ဘူး ဖြစ်မှာပေါ့၊ ဒါကြောင့်ပဲ မခက်ခက်အောင် လျှောက်ပြောနေတာ မယုံစမ်းနဲ့၊ တနင်္လာနေ့ ကျရင်သာ ရွှေစံအိမ်ထဲမှာ ခုနစ်ရက်နေမယ့် အကြောင်း အဲဒီရှေ့နေဆီ အကြောင်း ပြန်လိုက်စမ်းပါအေ တွေဝေမနေနဲ့ ဟုတ်လား"

မေမေက ချော့လိုက် ခြောက်လိုက်နှင့် ဖိအားပေးခဲ့ပြီး နွေဦးခင် အနားမှ ထွက်ခွာသွားလေသည်။

သူမမှာသာ အတွေးတွေ တစ်ပုံတစ်ခေါင်းကြီးနှင့် ကျန်ရစ်ခဲ့ရတော့သည်။ မေမေ့ကိုလည်း မလွန်ဆန်ချင်။

သူမကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် မေမေ ကြိုးစား ပေးလာခဲ့ရ တာတွေကို သိသည်။

ထို့ကြောင့် မေမေ့ကို စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဘဝတွင်တော့ ပေးချင်လှသည်။ လောလောဆယ်တွင် သူမ၏ လစာလေးနှင့် ဆင်းရဲစွာ နေထိုင်စားသောက် နေရတာကိုလည်း နွေဦးခင် ကိုယ်တိုင် အသိဆုံးပဲဖြစ်သည်။

အမွေ...

သိန်းပေါင်းများစွာ ရနိုင်သည်ဆိုသည့် အမွေ။

မေမေ လိုချင် မက်မောတာလည်း အပြစ်မဆိုသာ အခွင့်အရေးသာ ရမည်ဆိုလျှင် လူတိုင်း ထိုအမွေကို လိုချင်ကြမှာ သေချာသည်။

ဒါပေမဲ့ အမွေရဖို့ အစမ်းသပ်ခံရမည့် ကိစ္စကြီးကိုတော့ သူမ သဘောမတူနိုင်ပါ။ အဓိပ္ပာယ် မရှိသလို မရိုးသားဘူး ဟုလည်း ထင်မိသည်။

သူမ၏ ဝမ်းကွဲမောင်နှမ နှစ်ယောက်က ဘာကြောင့် စံအိမ်ကြီးထဲမှာ ခုနစ်ရက်ပြည့်အောင် မနေနိုင်ခဲ့ကြတာလဲ စံအိမ်ထဲက ပြန်ထွက်လာပြီးတဲ့ နောက်မှာရော ဘာကြောင့် ကြောင်တောင်တောင် ဖြစ်သွားရတာလဲ။

ရှေ့နေကြီးကရော ဘာကြောင့် အခွင့်အရေးက ကြီးမားသလို အရင်းအနှီးကလည်း ကြီးမား တယ်လို့ သူမကို ပြောခဲ့ရတာလဲ။

မေမေကလည်း အတိတ်က သူ့မိသားစုအကြောင်းနှင့် ညီအစ်ကိုမောင်နှမများအကြောင်းကို ရေရေရာရာ တိတိကျကျ ဘာမှမပြောပါ။

ပြောပြလိုဟန်လည်း မရှိ။ တစ်စွန်းတစ်စ ပြောလျှင်တောင် တစ်စုံတစ်ခု လုံး ဖုံးကွယ်ချန်လှပ် ထားတာပဲဟု နွေဦးခင်က အကဲခတ်လို့ ရနေပြန်သည်။

မေမေတို့ရဲ့ အစ်ကိုကြီး ဦးထက်ခိုင်ဆိုတာ ဘယ်လိုလူမျိုးလဲ၊ ဘာကြောင့် ဒီလောက်တောင် ချမ်းသာတာလဲ၊ ဒီလောက် ချမ်းသာတဲ့လူဖြစ်ပြီး ဘာကြောင့် အိမ်ထောင်မပြုခဲ့ရတာလဲ၊ ဘာကြောင့် သူ့ရဲ့အမွေတွေကို ညီမသုံးယောက်ကို မပေးချင်ဘဲ ညီမတွေက မွေးထားတဲ့ သားသမီးတွေကိုပဲ ပေးချင်ရတာလဲ။

အတွေးများက ရှုပ်ထွေးလာသည်။

မေးခွန်းများက များပြားလာသည်။

ထိုမေးခွန်းများ၏ အဖြေကို သိချင်သည့် ဆန္ဒကလည်း ပိုမိုပြင်းပြလာလေသည်။ အဖြေများကို သိဖို့အတွက် အမွေဆိုတာကြီးသို့ တိုးကပ်သွားရပါလိမ့်မည်။

နောက်ဆုံးတော့ နွေဦးခင် ဒွိဟစိတ်များစွာဖြင့်ပင် မေမေ့ဆန္ဒအတိုင်း အမွေတွေရနိုင်ဖို့ ရွှေစံအိမ်ကြီးထဲ၌ ခုနစ်ရက်တာ တစ်ယောက်တည်း နေထိုင်ဖို့ ဆုံးဖြတ်လိုက်ရတော့သည်။

***